Indiana
DEPARTMENT OF EDUCATION
Working Together for Student Success

**Dr. Jennifer McCormick**
Superintendent of Public Instruction

# ဖျားလွန်းသည်ဆိုသည်မှာ မည်သည့်အခါနည်း။

ဤအချက်အလက်စာရွက်ကို ယေဘုယျလမ်းညွှန်ချက်အဖြစ်အသုံးပြုရန် စီမံထားပါသည်။
ကျန်းမာရေးဆိုင်ရာမေးခွန်းရှိပါက သင့်ဆရာဝန်နှင့် ဆွေးနွေးပါ။

| ရောဂါလက္ခဏာ | ကျောင်းပို့ရန် | အိမ်၌ထားရန် |
|---|---|---|
| **အဖျားတက်ခြင်း** | လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကျောင်းသား၏ ကိုယ်အပူချိန် ၁၀၀ ဒီဂရီအောက်ရှိပြီး မည်သည့် အဖျားကျဆေးမှ သောက်မထားပါ။ | လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကျောင်းသား၏ ကိုယ်အပူချိန် ၁၀၀ ဒီဂရီအထက် ရှိသည်။ |
| **ဝမ်းလျှောခြင်း** | လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဝမ်းအရည်ကျကျ တစ်ခေါက်ထက် ပိုမသွားပါ။ | လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဝမ်းအရည်ကျကျ တစ်ခေါက်ထက် ပိုသွားသည်။ |
| **အန်ခြင်း** | လွန်ခဲ့သည့် ၂၄ နာရီအတွင်း မအန်ပါ။ | လွန်ခဲ့သည့် ၂၄ နာရီအတွင်း အန်သည်။ |
| **မျက်လုံးများ** | မျက်လုံးများ ယားသော်လည်း မနီ၊ မျက်ချေးမကပ် သို့မဟုတ် အရည်မထွက်ပါ။ | မျက်လုံးများ ပန်းရောင်ဖြစ်၊ အရည်ထွက်၊ မျက်ချေးကပ်၊ ယားယံ၊ နာကျင်၊ အလင်းဒဏ်မခံနိုင် သို့မဟုတ် ကျောင်းသားတွင် အမြင်အာရုံ ပြောင်းလဲမှုများ ရှိသည်။ |
| **ချောင်းဆိုး/နှာချေး** | အနည်းငယ် နှာချေးချောင်းဆိုးသော်လည်း အဖျားမတက်ဘဲ ကျောင်းသားသည် ချောင်းဆိုးသည့်အခါ ဖုံးအုပ်ထားနိုင်၊ နှပ်ညှစ်နိုင်ပြီး လက်ဆေးနိုင်သည်။ | ကျောင်းသားသည် ရောဂါလက္ခဏာများ ပြင်းထန်နေသူဖြစ်၍ စာမသင်နိုင်ပါ။ အဖျားတက်နေပြီး၊ ချောင်းဆိုးလျှင် မဖုံးအုပ်နိုင်၊ နှပ်မညှစ်နိုင်၊ လက်မဆေးနိုင်ပါ။ |
| **အဖုအပိမ့်ထွက်ခြင်း** | အဖုအပိမ့်မှ အရည်ထွက်နေခြင်း၊ ပြားနေခြင်း မရှိပါ။ ကျောင်းသားသည် အဖျားမတက်ဘဲ ယားယံသည့် လက္ခဏာများမှာ စာသင်ရာတွင် အနှောင့်အယှက်ဖြစ်သည်အထိ မဟုတ်ပါ။ | အဖုအပိမ့်များသည် စိတ်အနှောင့်အယှက်ဖြစ်ပြီး အာရုံပျက်စေသည်။ ကျောင်းသားသည် အဖျားတက်နေသည်၊ သို့မဟုတ် အလွန်ယားယံနေသည်၊ သို့မဟုတ် အဖုအပိမ့် သည် ပြားနေသည် သို့မဟုတ် အရည်ထွက်နေသည်။ |
| **ပန်းနာ** | ရောဂါလက္ခဏာများကို ကောင်းစွာထိန်းချုပ်ထားပြီး၊ ကျောင်းသား သည် မည်သည့်အခါတွင် လူကြီးတစ်ဦးကို အကူအညီတောင်းရန် ဆက်သွယ်ရမည်ကို သိသည်၊ သို့မဟုတ် ကျောင်းသား ပန်းနာထသည့်အခါ လုပ်ဆောင်ရမည့် အစီအစဉ် ကျောင်းတွင်ရှိပြီး ထိုအစီအစဉ်ကို လိုက်နာနေသည်။ | ရောဂါလက္ခဏာများကို ကောင်းစွာထိန်းချုပ်ထားခြင်း မရှိပါ။ ကျောင်းသားသည် မည်သည့်အခါ အကူအညီလိုမှန်း မသိဘဲ ကျောင်းတွင် ပန်းနာထသည့်အခါ လုပ်ဆောင်ရမည့် အစီအစဉ် မထားရှိပါ။ |

**နောက်ထပ်အချက်အလက်များအတွက် အောက်ပါတို့ကို ဆက်သွယ်ပါ-**

(ဒီးနာပက်ဒက်) Deanna Paddack၊ အတိုင်ပင်ခံ သူနာပြုဦးစီးမှူး၊ အင်ဒီယားနားပြည်နယ် ကျန်းမာရေးဌာန၊ dpaddack@isdh.IN.gov

(ဂ်ိဳလင္းဘရာေကးလ္) Jolene Bracale၊ ေက်ာင္းသားက်န္းမာေရးဝန္ေဆာင္မႈမ်ားအထူးျပဳ၊ အင္ဒီယားနားျပည္နယ္ ပညာေရးဌာန၊ [JBracale@doe.in.gov](mailto:JBracale@doe.in.gov)

(လီစာထ႐ူးဝစ္) Lisa Truitt၊ ျပည္နယ္ေက်ာင္းတက္မႈအရာရွိ၊ အင္ဒီယားနားျပည္နယ္ ပညာေရးဌာန၊ [LTruitt1@doe.in.gov](mailto:LTruitt1@doe.in.gov)